# တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး အမြန်ဆုံးဖြစ်မြောက်နိုင်ရေးအတွက် မိမိတို့အကြား အပစ်အခတ်ရပ်စဲရေးပြုလုပ်ရန် မြန်မာအစိုးရအား ကမ်းလှမ်းဖိတ်ခေါ်ပါသည်

ရက်စွဲ၊ ၂၀၁၅ - ခုနှစ်၊ ဩဂုတ်လ (၅) ရက်

၁။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် တိုင်းရင်းသားတို့၏ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ S.D နှင့် မြန်မာအစိုးရကိုယ်စားလှယ် UPWC တို့ ကိုးကြိမ်မြောက်ဆွေးနွေးပွဲကို ယခုရက်ပိုင်းအတွင်းတွင် ရန်ကုန်မြို့၌ ထပ်မံဆွေးနွေးကြမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နှစ်ပေါင်း (၇၀) နီးပါးကြာမြင့်တွင်းစစ်မီးကို အဆုံးသတ်နိုင်ရန်အတွက် အလွန်အရေးကြီးသည့် တွေ့ဆုံဆွေးနွေးပွဲကြီးဖြစ်ပါသည်။

၂။ လက်ရှိအခြေအနေအရ တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးရန်အတွက် ညှိနှိုင်းကြရာတွင် လက်နက်ကိုင်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ အားလုံးပါဝင်ရေးဟု ညှိနှိုင်းနေကြသော်လည်း မြန်မာအစိုးရဖက်မှ ပြည်နယ်/ပြည်ထောင်စုအဆင့် Bilateral သဘောတူညီချက် မရရှိသေးသောအဖွဲ့များအား တပြိုင်တည်းအတူတကွ ပါဝင်ခွင့်ပြုရန်ခက်ခဲသည်ဟု အကြောင်းပြနေသည်ကို တွေ့ရှိရပါသည်။

၃။ ထို့ကြောင့် မြန်မာနိုင်ငံအနှံ့တကယ်ငြိမ်းချမ်းရေးရရှိရန်၊ တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် NCA အမြန်ဆုံးလက်မှတ်ထိုးနိုင်ရန်၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပနိုင်ရန်အတွက် မိမိတို့ ရက္ခိုင့်တပ်မတော် AA ၊ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် MNDAA (ကိုးကန့်တပ်မတော်) နှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA တို့က မြန်မာအစိုးရအား မိမိတို့အဖွဲ့အစည်း(၃)ဖွဲ့နှင့် တပြိုင်တည်းအပစ်အခတ်ရပ်စဲရေးပြုလုပ်ကြရန်ကမ်းလှမ်းကြောင်း လေးစားစွာအသိပေးထုတ်ပြန်အပ်ပါသည်။

| | | |
|---|---|---|
| AA<br>ရက္ခိုင့်တပ်မတော် | မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် | PSLF/TNLA<br>တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် |

ဆက်သွယ်ရန်ဖုန်းနံပါတ်များ -

၁။ ရက္ခိုင့်တပ်မတော် - (၈၆) ၁၈၀ - ၈၈၁၆ - ၄၀၆၁

၂။ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် - (၈၆) ၁၅၃ - ၉၃၈၃ - ၇၃၁၇

၃။ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် - (၈၆) ၁၈၃ - ၁၃၄၆ - ၈၇၃၀